# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၂,၀၇၄+ သတ်ဖြတ်ခံရ

၁၄,၅၁၇+ ဖမ်းဆီးခံခဲ့ရ

၁၁,၄၅၁+ ချုပ်နှောင်ခံထားရဆဲ

## ကျန်းမာရေးလုပ်သားများသည် ပစ်မှတ်မဟုတ်

၂၀၂၂ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင်ကျရောက်ခဲ့သော ကမ္ဘာ့ကျန်းမာရေးနေ့တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကျန်းမာရေးလုပ်သားများအပေါ် စစ်အာဏာရှင်၏ တိုက်ခိုက်မှုများ တိုးလာကြောင်းသတိပေးခဲ့သည်။ ကျန်းမာရေးကဏ္ဍသည် စစ်အာဏာရှင်၏ နိုင်ငံတစ်ဝှမ်း ဖျက်ဆီးခံရသော ကဏ္ဍများထဲမှ တစ်ခု ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အရှေ့တောင်ဘက်သို့ ခရီးသွားလာစဉ် ရွှေဘိုမြို့နယ်၊ ကွန်ဆိပ်ကျေးရွာအနီး အသတ်ခံခဲ့ရသော လူငယ် ၉ ဦးတွင် ဆယ်ကျော်သက်လူငယ် ၄ ဦး ပါဝင်သည့် တိုက်ခိုက်မှုသည် ဆိုးရွားလွန်းသော ယခုနောက်ဆုံး တိုက်ခိုက်မှုဖြစ်သည်။

၎င်းတို့အားလုံးသည်လက်နက်မဲ့ဖြစ်ပြီး ဝက်လက်မြို့နယ်အခြေစိုက် GZ Special Task Force (Wetlet) အနေဖြင့် ဆေးသင်တန်းတက်ရောက်ရန် သွားခြင်းဖြစ်သည်။ လူ့အသက်ကို သတ်ဖြတ်ခြင်းသည် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြစ်ဒဏ်ကွင်းလွတ်ခွင့်ရခြင်း၏ ပုံစံ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ စစ်အာဏာရှင်ကို တာဝန်ခံမှုရှိစေရန် အရေးယူဆောင်ရွက်ရွက်မှု မရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ကြီးထွားလာနိုင်ကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေး အရာရှိ Mr. Tom Andrews မှ သတိပေးထားသည်။

ကျန်းမာရေး လုပ်သားများသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ ကျန်းမာရေးသည် လူ့အခွင့်အရေးတစ်ခုဖြစ်ပြီးအသက်ရှင်နေထိုင်ခွင့်သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအပါအဝင် လူ့အခွင့်အရေးစာချုပ်များတွင် ပြဋ္ဌာန်းထားသော အခြေခံမူတစ်ခုဖြစ်သည်။ သို့သော် စစ်အာဏာရှင်သည် လူထု၏ အသက်ကို တန်ဖိုးမထားဘဲ လျစ်လျူရှုကာ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးပြီး ဒဏ်ရာရ ဆန္ဒပြသူများအား သို့မဟုတ် ဒီမိုကရေစီ လှုပ်ရှားမှုကို ထောက်ခံသူများကို ကုသပေးနေသည့် ကျန်းမာရေး လုပ်သားများအား အကြမ်းဖက် ချေမှုန်းရန်အထိ ကြိုးပမ်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းသည့်အချိန်မှစ၍ အနည်းဆုံး ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၄၁၅ ခုကို စစ်အာဏာရှင်မှ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ အကြမ်းဖက်နေသောပတ်ဝန်းကျင်တွင် အာဏာသိမ်းစစ်တပ်၏ ဖမ်းဆီးခြင်းခံရမည်ကို စိုးရိမ်သောကြောင့် ကျန်းမာရေးလုပ်သား ၆၀၀ ကျော် တိမ်းရှောင်နေကြရသည်။

ကျန်းမာရေးလုပ်သားများအပေါ် တိုက်ခိုက်မှုများ မြင့်တက်လာခြင်းကြောင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် လက်နက်ကိုင်အဖွဲ့အားလုံးကို ကရင်နီပြည်နယ်ရှိ ပြည်သူ့ကျန်းမာရေးကို ဝန်ဆောင်မှုပေးနေသော ကျန်းမာရေးလုပ်သားများ၏ လုံခြုံရေးကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) မှ ထုတ်ပြန် တောင်းဆိုလိုက်သည်။ KSCC ၏ ချိတ်ဆက် ဆောင်ရွက်မှုဖြင့် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေး လုပ်သားတစ်ဦးကို လက်နက်ကိုင်အဖွဲ့ တစ်ခုမှ စစ်ဆေးမေးမြန်းကာ ယာယီထိန်းသိမ်းသည့် ဖြစ်စဉ်ရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်အာဏာရှင်သည်သည် အကူအညီများကို လက်နက်သဖွယ် ဆက်လက်အသုံးချနေပြီး ချက်ခြင်း အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်သော ထိခိုက်လွယ်သောအုပ်စုများကို ဆေးဝါးကုသရန် ဝန်ဆောင်မှုပေးသည့် မည်သူ့ကိုမဆို ခြိမ်းခြောက်နေသည်။ ဤအခြေအနေသည် ရေရှည်တည်တံ့ခိုင်မြဲသည်မဟုတ်ဘဲ ချက်ခြင်းအရေးယူဆောင်ရွက်မှုနှင့် တာဝန်ခံမှုကိုလည်း ထပ်မံတောင်းဆိုနေသည်။ ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားများအပါအဝင် စစ်ဘေးရှောင်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းပြချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ကျန်းမာရေးလုပ်သားများအား ဝင်ရောက်ခွင့်ပြုပြီး ကာကွယ်ပေးရန် လိုသည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**ချင်းပြည်နယ် ဖလမ်းမြို့နယ်** – စစ်ကိုင်းတိုင်းဒေသကြီးမှ ချီတက်လာသော အင်အား ၂၅၀ ခန့်ရှိ အကြမ်းဖက်စစ်ကြောင်းသည် ချင်းပြည်နယ်သို့ ရောက်ရှိစဉ် ဆွံ့အနားမကြားသူ အမျိုးသမီးတစ်ဦးနှင့် မသန်စွမ်းအမျိုးသားတစ်ဦးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်။ အကြမ်းဖက်စစ်ကြောင်း ချီတက်လာသည့်အတွက် ကလေး – ဖလမ်း ကားလမ်းကို ပြည်သူများ ဖြတ်သန်းသွားလာခြင်း မပြုရန် ချင်းအမျိုးသားအဖွဲ့ချုပ်မှ သတိပေးထုတ်ပြန်ခဲ့သည်။

**ကယား (ကရင်နီ) ပြည်နယ်**– အကြမ်းဖက်စစ်တပ်နှင့် ကရင်နီ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ကြား တိုက်ပွဲဖြစ်ပွားခြင်းကြောင့် စာသင်ကျောင်းအနီးတွင် ခိုလှုံနေသော အမျိုးသားတစ်ဦး ဦးခေါင်းတွင် ကျည်ထိမှန်သေဆုံးခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်**– LGBT နိုင်ငံရေးအကျဉ်းသား တဦးသည်  ရဲအရာရှိတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရကြောင်း လိင်စိတ်ခံယူမှု ကွဲပြားသူများ ကွန်ရက် (LGBT Alliance– Myanmar) မှ သတင်း ထုတ်ပြန်ထားသည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတွင် ထွက်ပြေးတိမ်းရှောင်သူ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ် ဦးရေသည် ပထမဆုံး အကြိမ် တစ်သန်းကျော်သွားပြီဖြစ်သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် ထိုးစစ်ဆင်မှုများကြောင့် အရပ်သားများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ထိခိုက်ပျက်ဆီးလျက်ရှိသည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ အရေးယူဆောင်ရွက်ရန် ပုံမှန် တောင်းဆိုမှုများရှိနေပြီး ထောင်နှင့်ချီ အိမ်နီးချင်းနယ်စပ်များသို့ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။ အရပ်သားများသည် အကျပ်အတည်းနှင့် ရှင်သန်ရပ်တည်ရေးတွင် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် စစ်အာဏာရှင်တို့၏ အုပ်ချုပ်မှုကို တရားဝင် အသိအမှတ်ပြုခြင်း မလုပ်ရန်လိုသည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်ပြည်နယ်

အပြစ်မဲ့ အရပ်သားများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုများကို စစ်အာဏာရှင်သည် ဆက်လက်လုပ်ဆောင်နေသောကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်း ဆိုးရွားလာသော အခြေအနေများကို သတိပေးခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်ရှိ ရွာဆယ်ရွာမှ ဒေသခံ ၅၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ စစ်တပ်မှ စစ်ကူများ ထပ်မံစေလွှတ်ခြင်းကြောင့် အရပ်သားများ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

**ထပ်မံဖတ်ရှုရန်**



# ချင်းပြည်နယ်

ချင်းပြည်နယ်တွင် အကြမ်းဖက်တပ်မတော်၏ ထိုးစစ်ဆင်မှုများကြောင့် အရပ်သားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ထိခိုက်ပျက်ဆီးလျက်ရှိသည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ အရေးယူဆောင်ရွက်မှုနှင့် တာဝန်ခံမှုများအတွက် ပုံမှန် တောင်းဆိုမှုများကြောင့် ထောင်နှင့်ချီ အိမ်နီးချင်း နယ်စပ်များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အရပ်သားများသည် အကျပ်အတည်းနှင့် ရှင်သန်ရပ်တည်ရေးတွင် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် စစ်အာဏာရှင်တို့၏ အုပ်ချုပ်မှုကို တရားဝင်အသိအမှတ်ပြုခြင်း လုံးဝမလုပ်ရန်လိုသည်။

မင်းတပ်မြို့နယ်အတွင်းရှိ ချင်းကျေးရွာနှစ်ရွာကို လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက် ဒေသခံနှစ်ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပစ်မှတ်ထားတိုက်ခိုက်သည့် ဧရိယာများထဲတွင် ဘုရားကျောင်းနှင့် စာသင်ကျောင်းတို့ ပါဝင်သည်။ အဆိုပ်တိုက်ခိုက်မှု မတိုင်မီ တိုက်ပွဲများဖြစ်ပွားခြင်းမရှိသောကြောင့် လူနေရပ်ကွက်များအတွင်း အကြမ်းဖက်စစ်တပ်၏ ရမ်းသမ်း ပစ်ခတ်မှုပြနေသည်။ သေဆုံးသူများ၏ အလောင်းများမှာ ဆိုးဆိုးရွားရွား ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။ ၎င်းတို့၏ တခဲနက် ချေမှုန်း စစ်ဆင်ရေးအတွက် ရုရှားထံမှ လက်နက်များ ပိုမိုလက်ခံရရှိချိန်တွင် လေကြောင်း တိုက်ခိုက်မှု သတင်းများ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ပြည်တွင်းမီဒီယာဖြစ်သော Myanmar Now ၏ သတင်း ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း မင်းတပ်မြို့နယ်တွင် အရပ်သား ၃၀၀ နီးပါး သေဆုံးခဲ့သည်။ သေဆုံးသူများထဲတွင် ၁၄ နှစ်အရွယ်ယောက်ျားလေးတစ်ဦးနှင့် အမျိုးသမီး ၂ ဦးတို့ ပါဝင်သည်။

ND-Burma ၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ ၏ ထုတ်ပြန်ချက်အရ ကလေးမြို့မှ ဟားခါးသို့ ဦးတည်လာသည့် စစ်ကား ၁၇ စီး ပျက်ဆီးသွားကြောင်း သိရှိရသည်။ တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသဖြင့် ဖလမ်းမြို့နယ်အတွင်းမှ ကျေးရွာနှစ်ရွာသည် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေကြရပြီး သေဆုံးသူအလောင်းတစ်လောင်း တွေ့ရှိခဲ့သည်။



# ကရင်ပြည်နယ်

အပြစ်မဲ့ အရပ်သားများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုများကို စစ်အာဏာရှင်သည် ဆက်လက်လုပ်ဆောင်နေသောကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်း ဆိုးရွားလှသော အခြေအနေများကို သတိပေး တုံ့ပြန်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ် စစ်တပ်၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် ပြည်သူ ၁၃ ဦးတွင် ကလေးငယ် ၂ ဦးလည်း ပါဝင်ခဲ့သည်။ ထိုင်း-မြန်မာနယ်စပ်အနီးရှိ ကျေးရွာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ သံဃာ၂ပါးလည်း သေဆုံးခဲ့သည်။ ဒေသခံများ၏ ခေါင်းပေါ်တွင် လေယာဥ် ပျံသန်းနေသောကြောင့် လေယာဉ်မည်သည့်အချိန် ဗုံးကြဲချပြီး သေဆုံးရမည်ကို ကြောက်ရွံ့ထိတ်လန့်စွာ ၎င်းတို့သည် ကြည့်နေကြရသည်။

ဇွန်လကုန်ကတည်းမှစတင်၍ တိုက်ခိုက်မှုများ ပိုဆိုးလာသည်။ အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်သားများအတွက် လူသားဒိုင်းအဖြစ် လမ်းညွှန်ခိုင်းစေခဲ့သည်။ ကရင်သတင်းဌာန၏ အဆိုအရ ကော့်သူလေး ခရိုင်ငါးခုဖြစ်သော  သထုံ၊  ညောင်လေးပင်၊ မူတြော်၊ ဘိတ်-ထားဝယ်နှင့် ဒူးပလာယာ တို့တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများဖြစ်ပွားနေသည်။ ဆေးဝါး၊ စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အဝတ်အထည်များလိုအပ်မှုတိုးလာနသေည့်ကြား ပြည်တွင်းစစ်ဘေးရှောင် ပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်နေသည်။ စစ်ဘေးရှောင်များတွင် လိုအပ်ချက်များစွာ ရှိနေသော်လည်း စစ်အုပ်စုသည် လက်နက်မဲ့အရပ်သားပြည်သူများကို ဆက်လက် အကြမ်းဖက်တိုက်ခိုက်နေသည်။

ပြည်တွင်းစစ်ကြောင့် ပဋိပက္ခဒဏ်ခံ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသူများနှင့် ဒုက္ခသည်များ တိုးပွားလာနေသောကြောင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် နိုင်ငံတကာ ဘတ်ဂျက်များကို တိုးမြှင့်ပေးရန် လိုသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်ရှိ ရွာဆယ်ရွာမှ ဒေသခံ ၅၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ စစ်တပ်မှ စစ်ကူများ ထပ်မံစေလွှတ်ခြင်းကြောင့် အရပ်သားများ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ မုတ်သုံမိုးရွာသွန်းမှုကြောင့် ပဋိပက္ခဇုန်များမှ ထွက်ပြေးရန် ပိုမိုခက်ခဲလာခဲ့ပြီး လူဦးရေထူထပ်သော စခန်းများကို ပို၍ ခက်ခဲလာစေသည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝှမ်းတွင် မတည်ငြိမ်မှုများကြောင့် ဒေသခံများ နေရပ်သို့ မပြန်နိုင်သေးဘဲ ၎င်းတို့စွန့်ခွာထွက်ပြေးခဲ့သော ကျေးရွာများမှ စောင့်ကြိုနေမည့် အရာများကို အများစုမှ ကြောက်ရွံ့နေကြသည်။ နိုင်ငံ အနှံ့ ဖြစ်ပွားခဲ့သော အန္တရာယ်ရှိသော တိုက်ခိုက်မှုများတွင် ကလေးများနှင့် သက်ကြီးရွယ်အိုများလည်း သေဆုံးခဲ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုတည်းတွင် လူပေါင်း ၃၄၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

စစ်မက်ဖြစ်ပွားမှု ပြင်းထန်သောကြောင့် စစ်တိုင်းတိုင်းဒေသအတွင်း ဒေသခံပြည်သူများအပေါ် ဆိုးရွားစွာ ထိခိုက်ဒဏ်ရာ ရရှိစေခဲ့သည် မီဒီယာများတွင် အရပ်သားများ အသတ်ခံရသော ပျံ့နှံ့နေသောဗီဒီယိုသည် စစ်တပ်၏'သတ်ဖြတ်မှုပုံစံ' ဖြစ်ကြောင်းထင်ရှားသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)မှ ပြောကြားခဲ့ပြီး HRW နှင့် တခြားသောအဖွဲ့ များမှ မှတ်တမ်းပြုထားသည်။ လူသားမျိုးနွယ်အပေါ်ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာအသိုင်းအဝိုင်း မှ စစ်အုပ်အားအရေးယူဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုလျော့နည်းသွားကြောင်းကို HRWမှ မှတ်ချက်ပြုခဲ့သည်။ ယုံကြည်စိတ်ချရသော လုပ်ဆောင်ချက် လိုအပ်ကြောင်းကို ညွှန်ပြသော အမှုပေါင်း ထောင်ပေါင်းများစွာကို မှတ်တမ်းတင် စုဆောင်းထားသည်။ ယင်းတွင် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်ရန်နှင့် မြန်မာနိုင်ငံ အခြေအနေများ ကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်တို့ ပါဝင်သည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

ဇူလိုင် ပထမပတ်

၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ

၄

ကရင်ပြည်နယ်အတွင်း ဆိုးရွားလာသော အခြေအနေများကို နိုင်ငံတကာမှ အရေးပေါ်နှင့် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရန် နိုင်ငံတကာကရင်အဖွဲ့မှ တောင်းဆိုလိုက်သည်။

၅

Article-19 Asia ၏ နောက်ဆုံးထုတ် Global Expression Report တွင် မြန်မာအား ကမ္ဘာ့အဆင့်တွင် 140/161 သတ်မှတ်ထားသည်။

၆

မြန်မာစစ်အာဏာရှင်၏ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို လာမည့် ကမ္ဘောဒီးယားတွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခွင့်ကို ထပ်မံပိတ်ပင်မည်ဖြစ်သည်။

၇

ABFSU နှင့် ဒဂုံမြို့သစ်မြောက်ပိုင်း အဖိနှိပ်ခံ ပြည်သူ့သပိတ် မဟာမိတ်အဖွဲ့တို့သည် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ကျောင်းသားသပိတ်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည့် ၇ ဇူလိုင် တော်လှန်ရေး နှစ် ၆၀ ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် စုပေါင်းဆန္ဒဖော်ထုတ်ခဲ့ကြသည်။

၈

ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ “အကြမ်းဖက်စစ်အုပ်စု တာဝန်ခံရမည့် ရာဇဝတ်မှုများ” အစီခံစာသစ်ကို ထုတ်ပြန်ခဲ့သည်။

၉

၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ်အတွင်း နေအိမ်ပေါင်း ၈၄ လုံးကို စစ်တပ်မှ မီးရှို့ခဲ့ကြောင်း Southern Monitor မှ သတင်းထုတ်ပြန်ခဲ့သည်။

၁၀

မြစ်ကြီးနားမြို့ ရှိ NLD ၏ အထက်တန်းရှေ့နေနှင့် ခရိုင်အလုပ်အမှုဆောင် ဦးတင်ထွန်းသိန်း၏နေအိမ် ချိပ်ပိတ်ခံရကြောင်း ဒီမိုကရက်တစ် မြန်မာ့အသံမှ သတင်းထုတ်ပြန်ခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma